Funded by:

# အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်

## သင်တန်းဆရာလမ်းညွှန်



Source: VSO Image library

# သင်ရိုးပိုင်း ၁၃

# ခြားနားမှု သို့မဟုတ် မသန်စွမ်းမှုရှိသော သင်ယူသူအားလုံးကိုပံ့ပိုးပေးခြင်း

Implemented by:

Funded by: UKaid
Towards Results in Education & English

# သင်ရိုးပိုင်း ၁၃။ ခြားနားမှု သို့မဟုတ် မသန်စွမ်းမှုရှိသော သင်ယူသူအားလုံးကိုပံ့ပိုးပေးခြင်း

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ ဖန်တီးနိုင်ကြောင်း ကြည့်ရှုလေ့လာသည့် **သင်ရိုးပိုင်း ၁၅ ခုမှ ၁၃** ပိုင်းမြောက်ဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေး အလေ့အကျင့်များသည် ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံရှိ ပညာသင်ကြားသူများနှင့် ပညာရေးကိုလေ့လာသင်ယူနေသူများအတွက် ဖြစ်ပါသည်။ ကျောင်းသူကျောင်းသားနှင့် သင်ယူသူဟူသော ဝေါဟာရများကို သင်ရိုးပိုင်းတစ်လျှောက် လဲလှယ်သုံးစွဲသွားပါမည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| ၆ | ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| ၈ | အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်း သင်ယူခြင်း |
| ၉ | ကျောင်းသူကျောင်းသားများ၏ စိတ်ခံစားချက်နှင့်လူမှုရေး သုခကို ပံ့ပိုးပေးခြင်း |
| ၁၀ | အားလုံးအကျုံးဝင်မှုဆိုင်ရာ မြန်မာဥပဒေအညွှန်းဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| ၁၁ | ကျောင်းသူကျောင်းသားအားလုံးကို ကွဲပြားခြားနားအောင် သင်ကြားပံ့ပိုးပေးခြင်း |
| ၁၂ | သီးသန့်သတ်မှတ်ထားသည့် သင်ယူမှုအခက်အခဲများကို ဖော်ထုတ်ခြင်း |
| **၁၃** | **ခြားနားမှု သို့မဟုတ် မသန်စွမ်းမှုရှိသော သင်ယူသူများအားလုံးကို ပံ့ပိုးပေးခြင်း** |
| ၁၄ | အပြုအမူကို အပြုသဘောဆောင်ရန် ထိန်းကျောင်းပေးခြင်း |
| ၁၅ | ကျောင်းသူကျောင်းသားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |

Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid



## သင်ယူမှုဂျာနယ်

သင်ယူမှုဂျာနယ်ရှိကြောင်း၊ သင်ရိုးပိုင်းအတွက် မည်သို့ရည်ရွယ်အသုံးပြုကြောင်း သင်တန်းသူ/သားအားလုံး သတိမူမိကြပါစေ။ သင်တန်းသူ/သားစာအုပ်မှ ဂျာနယ်ကို အကောင်းဆုံးပြီးအောင်ရေးနည်းအကြံပြုချက်ကို ထောက်ပြပါ။ လုပ်ဆောင်ချက်အဖြေ အားလုံး ဂျာနယ်တွင်းရေးထားရပါမည်။ ပြန်လှန်သုံးသပ်မှုသည် သင်ယူမှုဖြစ်စဉ်၏ အရေးကြီးသောအပိုင်းတစ်ခုဖြစ်ကြောင်း၊ လုပ်အပ်သည့် လုပ်ဆောင်ချက် တစ်ခုဖြစ်ကြောင်း သတိချပ်ပါ။ သင်ရိုးပိုင်းတစ်လျှောက်လေ့လာရင်း စိတ်ဝင်စားဖွယ် စကားလုံး၊ စကားစု၊ ဝေါဟာရသစ်များကို သင်တန်းသားများ မှတ်သားကြပါစေ။

## လေ့လာနည်းအကြံပြုချက်

သင်ရိုးပိုင်းကို မည်ကဲ့သို့ပြီးအောင်လုပ်ရမည်ဖြစ်ကြောင်း ရှင်းပြရန်အရေးကြီးပါသည်။ သင်တန်းသူ/သားများမှ အချိန်ယူပြီး သင့်တော်သည့် အချိန်ဇယားတစ်ခုဆွဲကာ ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ရန်လိုပါသည်။ တွေးတော/တွဲဖက်/ ဝေမျှသည့် think/pair/share နည်းလမ်းသည် သင်တန်းသူ/သားများ ပူးပေါင်းဆောင်ရွက်ရန်၊ အတွေးအမြင်ဖလှယ်ရန်၊ မေးခွန်းမေးရန်၊ လုပ်ထားသည်များစစ်ဆေးရန်နှင့် တုံ့ပြန်ဖြေကြားရန်နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။

## အားလုံးအကျုံးဝင် သင်ကြားရေးအလေ့အကျင့် CPD သင်ရိုးပိုင်း နောက်ခံအကြောင်း

သင်ရိုးပိုင်းများတွင် ပညာရေးအခင်းအကျင်းအားလုံးတွင် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုကို ထင်ဟပ်သည့် အားလုံးအကျုံးဝင်မှု၊ ကျား/မသာတူညီမျှမှုနှင့် ၂၁ ရာစုကျွမ်းကျင်မှုဟူသော အဓိကအကြောင်းအရာ ၃ ခု ပါရှိပါသည်။ ဤအကြောင်းအရာများသည် သင်ရိုးညွှန်းတမ်းနယ်ပယ်အားလုံးတွင် အဓိကကျပြီး မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုအတွက်သာမက ကမ္ဘာ့အနာဂတ်အတွက်လည်း ပဓာနကျလျက်ရှိပါသည်။

ဤသင်တန်းကို သင်တန်းသူ/သားများမှ သင်ကြားရေးဆိုင်ရာ၊ ကျောင်းသူ/သားများ၏သင်ယူမှုနှင့် ၎င်းတို့ကောလိပ် (သို့) ကျောင်းတို့၏ အကျုံးဝင်မှုအပေါ်သက်ရောက်မှုဆိုင်ရာ ၎င်းတို့၏ **ယုံကြည်ချက်နှင့် သဘောထားများ**ကို စိန်ခေါ်ခြင်းဖြင့် စိတ်ဝင်တစား ပါဝင်ဆွေးနွေးနိုင်အောင် စီစဉ်ရေးဆွဲထားပါသည်။ သင်တန်းဆရာ/မတစ်ဦးအနေဖြင့် သင်ရိုးပိုင်းတစ်လျှောက် တက်ရောက်သူများ၏ ယုံကြည်ချက်နှင့်သဘောထားများကို စိန်ခေါ်နိုင်မည်ဟု မျှော်လင့်ပါသည်။

သင်တန်းဆရာ/မအနေဖြင့် သင်တန်းအတွင်း အားလုံးအကျုံးဝင်မှုဆိုင်ရာ သင်ကြားရေးနည်းစနစ် အတော်များများကို ထည့်သွင်း အသုံးပြုရန်လည်း အရေးကြီးပါသည်။ တက်ရောက်သူများသည် ၎င်းတို့၏ စွမ်းရည်၊ စိတ်ဝင်စားမှုနှင့် ကျွမ်းကျင်မှုတို့ကို ထောက်လျက် ၎င်းတို့လုပ်နိုင်သည့်နှုန်းဖြင့် လုပ်ကြပါစေ။

သင်ရိုးပိုင်းများတွင် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်များ မည်ကဲ့သို့ ဖန်တီးကြောင်း ကြည့်ကြပါမည်။ အားလုံးအကျုံးဝင် သင်ကြားမှုအလေ့အကျင့်ဖြင့် ကျား/မသာတူညီမျှမှုကို ပံ့ပိုးပုံ၊ ၂၁ ရာစုကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို အားပေးကြောင်း တွေ့ရပါမည်။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid



သင်ရိုးပိုင်းတစ်ခုချင်းတွင် သင်တန်းသူ/သားများ မိမိတို့ကြိုက်သည့် အမြန်နှုန်းဖြင့် လုပ်နိုင်သည့် လုပ်ဆောင်ချက်များ အစဉ်လိုက် ပါဝင်ပါသည်။ သင်ရိုးပိုင်းကိုလုပ်ပြီးလျှင် ပေးထားသောအဖြေများမှ အဖြေမှန်ရွေးသည့် ပဟေဠိတစ်ခုကို ဖြေရပါမည်။

## သင်ရိုးပိုင်း ၁၃ သင်ယူမှုရလဒ်များ

**ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့် အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။**

**၁. အခက်အခဲအမျိုးမျိုး မသန်စွမ်းမှုအဖုံဖုံကို နားလည်ကြောင်းပြသခြင်း**

**၂. အားလုံးသင်ယူမှုအတွက်ပုံစံ (UDL)၏ အဓိကသဘောတရားများနှင့် အားလုံးအကျုံးဝင်မှုကို သင်ခန်းစာပြင်ဆင်ရာတွင် ပေါင်းစပ်ထည့်သွင်းပုံကို နားလည်ခြင်း**

**၃. ဖော်ထုတ်ထားသည့် အခက်အခဲ သို့မဟုတ် မသန်စွမ်းမှုရှိသည့် ကျောင်းသူကျောင်းသားများကို မည်သည့်ကျောင်း၊ အခင်းအကျင်းဖြင့် ပံ့ပိုးနိုင်ကြောင်းဆွေးနွေးခြင်း**

**၄. ဖော်ထုတ်ထားသည့် သင်ယူမှုအခက်အခဲရှိသည့် ကျောင်းသူကျောင်းသားများကိုပံ့ပိုးနိုင်မည့် ထိရောက်သော စာသင်ခန်း ဗျူဟာများကို ဖော်ပြဆွေးနွေးခြင်း**

ဤသင်ရိုးပိုင်းသည် အခက်အခဲရှိသော(သို့)မသန်စွမ်းမှုရှိသောကျောင်းသူကျောင်းသားများကို ဆရာ/မတို့ပံ့ပိုးနိုင်ပုံကို ပိုမို၍ နက်နက်နဲနဲ ကြည့်ထားပါသည်။ ယခင် သင်ရိုးပိုင်းပေါ်အခြေပြုလျက် ဆက်သွယ်ရေး၊ လူမှုရေး၊ စိတ်ခံစားမှု၊ ရုပ်နှင့် သိမြင်မှု စသည်တို့နှင့်ဆိုင်သော စာသင်ခန်းအတွင်း သင်ယူမှုအတားအဆီးများကို ဆက်လက်လေ့လာစူးစမ်းထားပါသည်။ ရှာဖွေဖော်ထုတ်ထားသည့် သင်ယူမှုလိုအပ်ချက်များကို ဆရာ/မတို့ တုံ့ပြန်ပံ့ပိုးနိုင်ပုံများကိုလည်းစူးစမ်းထားပါသည်။ ကျောင်းသူကျောင်းသားများ ကြုံရသည့် မည်သို့သော သင်ယူမှုအတားအဆီးမျိုးကိုမဆို ထိထိရောက်ရောက် ဖြေရှင်းစေနိုင်မည့် နည်းလမ်းတစ်ခုအနေဖြင့် အားလုံးသင်ယူမှုအတွက်ပုံစံ(UDL)ကိုလည်း ပိုမိုနက်နဲစွာလေ့လာထားပါသည်။

ဤသင်ရိုးပိုင်းမှလုပ်ဆောင်ချက်များပြီးအောင်လုပ်ရန် ၇ နာရီခန့် ကြာမြင့်ပါမည်။

## သင်ရိုးပိုင်း ၁၃ လုပ်ဆောင်ချက်များအတွက်နောက်ထပ်ညွှန်ကြားချက်များ

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| ယခင်အသိပညာကို စစ်ဆေးအကဲဖြတ်ခြင်း | ပထမဆုံးလုပ်ဆောင်ချက်မှာ သင်ရိုးပိုင်း ၁၂ ကိုပြန်နွှေးပြီး စစ်ဆေးခြင်း ဖြစ်ပါသည်။ ယခင်သင်ရိုးပိုင်းမှ အကြောင်းအရာများ၊ အခက်အခဲနှင့် မသန်စွမ်းမှုဟူသော အသုံးအနှုန်းများအကြား ခြားနားချက်ကို သင်တန်းသားများအား ပြန်လည်အမှတ်ရစေပါသည်။ သင်တန်းသားများသည် ဤသင်ရိုးပိုင်းတွင် ထိုခြားနားချက်ကို ရှင်းလင်းစွာသိရန် လိုအပ်ပါသည်။ သင်ရိုးပိုင်း ၁၂ မှ မိမိ တတ်မြောက်လာသည်ကို လက်တွေ့အသုံးပြုပုံဟူသမျှကို |

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
| --- | --- |
| | ဆွေးနွေးပါ။ ထိုသို့ အသုံးပြုခြင်းဖြင့် သင်ကြားသင်ယူရေးအပေါ် မည်သည့်သက်ရောက်မှု ရှိခဲ့ပါ သနည်း။ |
| နိဒါန်း | ခြားနားချက်၊ အခက်အခဲနှင့် မသန်စွမ်းမှုရှိသည့်ကျောင်းသူကျောင်းသားများကို မည်ကဲ့သို့ ပံ့ပိုးရမည်ဖြစ်ကြောင်း သင်တန်းသူ/သားများကို မေးပါ။ အသိသညာသစ် ဖြစ်နိုင်သောကြောင့် အဖွင့်မေးခွန်းများမေးရန် အားပေးပါ။ မည်သည့်အတွေး၊ မှတ်ချက်၊ မေးခွန်းမျှမများယွင်းကြောင်း သတိချပ်ကြရန်။ ဤသင်ရိုးပိုင်းအတွက် သင်ယူမှုရလဒ်များကို အကျဉ်းမျှ ဆွေးနွေးပြီး စာသင်ခန်းအတွင်း သင်ယူမှုတွင် အတားအဆီးဖြစ်စေမည့် ခြားနားချက်များရှိသည့် ကျောင်းသူကျောင်းသားတို့ကို ပံ့ပိုးပုံအား လေ့လာမည်ဖြစ်ကြောင်း ရှင်းပြပါ။ |
| ပထမအကြိမ် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း | မိမိကိုယ်မိမိ ရိုးရိုးသားသားစစ်ဆေးရန် အချို့သင်တန်းသူ/သားများကို ဆော်သြရန် လိုအပ်ပါမည်။ ရလဒ်ကို သင်ရိုးပိုင်းအဆုံး နောက်စစ်ဆေးမှုတစ်ခုနှင့် နှိုင်းယှဉ်ပြီး သင်ယူမှုကို သုံးသပ်စေနိုင်ပါမည်။ |
| ၁.၁.၁. ယခင်သင်ယူမှုနှင့် ချိတ်ဆက်မှု | လုပ်ဆောင်ချက် ၁.၁.၁ ကိုကြည့်စေပြီး သင်ယူမှုမစွမ်းမသန်မှုနှင့်အခက်အခဲကို ဖွင့်ဆိုချက်အမှန်နှင့် တွဲကြရန်။ သင်ရိုးပိုင်း ၁၁ နှင့် ပြန်လည်ချိတ်ဆက်ထားပါသည်။ အဖြေမှားများရှိက ရေးချပြီး ဖွင့်ဆိုချက်အမှန်ကို ပြန်လည်သုံးသပ်ကြပါမည်။ |
| လုပ်ဆောင်ချက် ၁၃.၂ သင်ယူမှုအခက်အခဲလား၊ မသန်စွမ်းမှုလား | မသန်စွမ်းမှုကို သင်ယူမှုအခက်အခဲနှင့် မကြာခဏရောထွေးတတ်ကြောင်း ထောက်ပြပါ။ ဗီဒီယိုကိုဖွင့်ပြပြီး မသန်စွမ်းမှုနှင့်အခက်အခဲအကြား ခြားနားချက်ကို သိမသိမေးမြန်းပါ။ ယခင်သင်ရိုးပိုင်းမှ တတ်မြောက်မှုကို ခိုင်မာစေပါမည်။ သင်တန်းသားများ အခက်အခဲရှိလျှင် ယခင်သင်ယူမှုကို ပြန်လှန်သုံးသပ်ပါ။ |
| ၂. သင်ယူသူအားလုံးကို ပံ့ပိုးပေးခြင်း | မြန်မာနိုင်ငံတွင် အားလုံးအကျုံးဝင်ပညာရေး၏ အရေးပါပုံကို သင်တန်းသားများအား အမှတ်ရစေပါ။ အထူးသဖြင့် ကျောင်းတက်တိုင်းလည်း အားလုံးအကျုံးမဝင်ကြောင်းပင် ဖြစ်သည်။ ပေါင်းစည်းပညာရေးနှင့်အားလုံးအကျုံးဝင်ပညာရေးအကြား ခြားနားချက်ကို ထောက်ပြပါ။ ပေါင်းစည်းထားသည့် ပညာရေးတွင် မသန်စွမ်းသော ကျောင်းသူကျောင်းသားများ ကျောင်းတက်နေသော်လည်း သင်ယူနိုင်ရန် ပံ့ပိုးမှုများမရရှိဘဲ ကြိုဆိုမှုမရှိသည့်၊ ပြောင်းလဲမထားသည့် ဝန်းကျင်၌ ဆက်လက်'ရှင်သန်'ရန်သာ လိုအပ်ပါသည်။ အားလုံးအကျုံးဝင်ကျောင်းတက်သည့်အခါ ခြားနားပုံကို သတိချပ်ကြပါစေ။ အားလုံးအကျုံးဝင်ကျောင်းများအကြောင်း အချက်အလက်များကို ပြန်နွှေးကြပါမည်။ |
| လုပ်ဆောင်ချက် ၁၃.၃ - အားလုံးအကျုံးဝင်ပညာရေး - မှန်/မှား | အုပ်စုငယ်များခွဲစေပြီး လုပ်ဆောင်ချက် ၁၃.၃ - အားလုံးအကျုံးဝင်ပညာရေး (မိနစ် ၂၀) ကို လုပ်ကြပါစေ။ အမှန်/အမှားခွဲခြားသည့် လုပ်ဆောင်ချက်ဖြစ်ပြီး မည်သည့်အဆိုက အားလုံးအကျုံးဝင်ပညာရေးကို ဖော်ပြကြောင်း ဆုံးဖြတ်ရပါမည်။ တစ်တန်းလုံး ပြန်ကြည့်ပါ။ |

Funded by: UKaid

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| ၃. အားလုံးသင်ယူမှုအတွက်ပုံစံ (Universal Design for Learning) | အားလုံးသင်ယူမှုအတွက်ပုံစံ (UDL) အကြောင်း ကြားဖူးခြင်းရှိမရှိ သင်တန်းသားများအား မေးပါ။ တစ်တန်းလုံး အချက်အလက်များကို ပြန်ကြည့်ပါ။ UNCRPD (အပိုဒ် ၂)ကိုဖတ်ပြီး ဇယားတွင် ပေးထားသည့် ပါဝင်ဆောင်ရွက်မှု၊ ကိုယ်စားပြုမှု၊ လုပ်ရပ်နှင့် ဆက်နွယ်သည့် မေးခွန်းများကို သုံးသပ်ကြရန်။ လုပ်ဆောင်ချက် ၁၃.၄ UDL ဗီဒီယိုကိုကြည့်ပါ။ မေးခွန်းများကို ပြန်လည်သုံးသပ်ကြပါစေ။ တစ်တန်းလုံးအနေဖြင့် ပါဝင်ဆောင်ရွက်မှု၊ ကိုယ်စားပြုမှု၊ လုပ်ရပ်အကြောင်း အဖြေများ အမြန်တွေးအမြန်ရေးကြပါစေ။ |
| ၃.၁ ကျောင်း၊ အခင်းအကျင်းတို့မှ စွမ်းဆောင်နိုင်ပုံ | တစ်တန်းလုံး အချက်အလက်များနှင့် စက်ဝန်းပုံကိုပြန်ကြည့်ကြပါမည်။ ကျောင်းသူကျောင်းသားတို့ အရေးပါပုံ၊ ထို့ကြောင့်စက်ဝန်းအလယ်မှာရှိပုံကို ထောက်ပြပါ။ အုပ်စုငယ်ခွဲပြီး မိမိတို့သင်ကြားနေ/သင်ကြားဖူးသည့် ကျောင်းသူကျောင်းသားတို့ ကျောင်းတက်ရန်နှင့် အောင်မြင်ရန်အတွက် ရှိနေသည့် အဓိကအတားအဆီးများကို သုံးသပ်ကြပါစေ။ ထိုကျောင်းသူကျောင်းသားများကို ပံ့ပိုးပေးနိုင်မည့် ပညာရေးစနစ်နှင့် အခင်းအကျင်းများအကြောင်း စဉ်းစားကြပါမည်။ ကျောင်းသူကျောင်းသားတို့အတွက် အကျိုးရှိနိုင်မည့် စိတ်ကူးစိတ်သန်းသစ်များ၊ သင်ယူမှုအတွက်ချဉ်းကပ်ပုံများကို မှတ်စုရေးကြရန်။ |
| ၃.၂ ရုပ်ပိုင်းဆိုင်ရာ သင်ယူမှုဝန်းကျင် | ရုပ်ပိုင်းဆိုင်ရာအကြောင်းများကြောင့် သင်ယူမှုပတ်ဝန်းကျင်မှ ဖယ်ကြဉ်ထားသည့် ကျောင်းသူကျောင်းသားတစ်ယောက်အကြောင်း ခဏတာမျှတွေးကြပါမည်။ UNCRD (၂၀၁၁)ဖွင့်ဆိုချက်ကို ပြန်နွှေးပြီး 'သင့်တင့်လျောက်ပတ်စွာညှိနှိုင်းထားရှိမှု'ဟူသည့် သဘောတရားကို စူးစမ်းပါ။ ဗီဒီယိုကိုပြပြီး မသန်စွမ်းသည့် ကျောင်းသူကျောင်းသားများကို ပံ့ပိုးသည့်သာဓကများကိုရှာဖွေစေကာ ကျောင်းအသိုက်အဝန်းတွင် ၎င်းတို့ ပါဝင်သည်ဟု ကျောင်းသူကျောင်းသားတို့ ခံစားရအောင် လုပ်ဆောင်နိုင်ပုံကို ကြည့်ကြပါမည်။ ဇယား(လုပ်ဆောင်ချက် ၁၃.၅)ကိုဖြည့်ပါစေ။ ရုပ်ပတ်ဝန်းကျင်တွင် UDL က သင်ယူမှုအပေါ် သက်ရောက်ပုံကိုပြသည့် နောက်ထပ်ဥပမာများ ပြန်ကြည့်ပါ။ |
| ၃.၃. သင်ခန်းစာပြင်ဆင်ခြင်း | အချက်အလက်များကိုပြန်ကြည့်ပြီး သင်ရိုးပိုင်း ၃ အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်းနှင့် ချိတ်ဆက်နေကြောင်း ထောက်ပြပါ။ တိုက်ဆိုင်စစ်ဆေးစာရင်းကို ပြန်သုံးသပ်ပါ။ ကျောင်းသူကျောင်းသားတိုင်း မတူကွဲပြားသည့် နောက်ခံအကြောင်း၊ အားသာချက်၊ လိုအပ်ချက်နှင့် စိတ်ပါဝင်စားမှုတို့ ရှိကြောင်း သတိချပ်ကြပါစေ။ လုပ်ဆောင်ချက် ၁၃.၆ သင်ခန်းစာပြင်ဆင်ခြင်းဗီဒီယိုကိုဆက်သွားပါ။ သင်ခန်းစာ ပြင်ဆင်ရာတွင် ဆရာ/မတို့ လုပ်ဆောင်မှုများအတွက် သာဓကများကို မှတ်စုရေးကြပါမည်။ မိမိတို့ တပည့်များနှင့်စမ်းသပ်သင်ကြားကြည့်လိုသည့်အရာကိုမှတ်သားကြရန်။ လုပ်ဆောင်ချက် ၁၃.၇ သည် ပြန်နွှေးရန်ဖြစ်ပြီး တစ်နာရီခန့်ကြာနိုင်သည်။ UDL နှင့်၎င်း၏ အကျိုးကျေးဇူးအကြောင်း မိမိတို့နားလည်ပုံကို သင်တန်းသားများ ပြသနိုင်မည့် အခွင့်အလမ်းဖြစ်ပါသည်။ အမြင်အာရုံအထောက်အကူအဖြစ် ပိုစတာတစ်ချပ်၊ ပါဝါပွိုင့်တစ်ခု ပြင်ဆင်ကြပါစေ။ |

Implemented by: British Council, The Open University, VSO, montrose

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
| --- | --- |
| | လမ်းညွှန်ချက်များကိုပြန်ကြည့်ပြီး UDL ကို ယခင်သင်ရိုးပိုင်း ၆ ခုမှတစ်ခုနှင့် ပြန်ချိတ်ခိုင်းပါ။ အချိန်ရလျှင် သင်တန်းသားအချို့အား ပိုစတာ/ပါဝါပွိုင့်များကို ပြသစေပြီး ယခင်သင်ရိုးပိုင်းတစ်ခုတွင် UDL သုံးနိုင်ပုံကို ကြည့်ကြရန်။ သင်ယူမှုဂျာနယ်တွင် မှတ်စုရေးကြပါမည်။<br><br>UDL သည် သင်ယူမှုအတားအဆီးများကို ကျော်လွှားစေနိုင်ပုံကို တစ်တန်းလုံးဆွေးနွေးပါ။ အထူးသဖြင့် သြဇာညောင်းပုံ၊ ကျောင်းသူကျောင်းသားတို့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် စနစ်ပြောင်းရာတွင် ဆရာ/မတို့ လုပ်ဆောင်နိုင်ပုံတို့ကို ဆွေးနွေးသုံးသပ်ရန် အခွင့်အလမ်းဖြစ်ပါသည်။ |
| ၄. ကျောင်းသူကျောင်းသားများ အခက်ကြုံသည့်အခါ ပံ့ပိုးခြင်း | သင်ယူမှုအခက်အခဲနှင့် မသန်စွမ်းမှုကြုံနေရသည့် ကျောင်းသူကျောင်းသားတို့အတွက် ပံ့ပိုးရာတွင် ဆရာ/မတို့ ပါဝင်သောအခန်းကဏ္ဍကို မီးမောင်းထိုးပြပါ။ မသန်စွမ်းသည့် ကျောင်းသူကျောင်းသားတိုင်းလည်း အခက်အခဲမကြုံကြောင်း၊ အတော်များများသည် ပံ့ပိုးရန်မလိုဘဲ ပညာထူးချွန်ကြောင်းလည်း ထောက်ပြပါ။ ကလေး၏သင်ယူမှုအပေါ် သက်ရောက်နိုင်မည့် အခြားအကြောင်းအရာများအကြောင်း မေးပါ။ ကျောင်းသူကျောင်းသားတို့အကြောင်း မှန်းဆမှုများမလုပ်ရန် အထူးအရေးကြီးပါသည်။ စိုးရိမ်မကင်းဖွယ်များကို ဆွေးနွေးရာတွင် အခြားဆရာ/မများ၊ အထူးကျွမ်းကျင်ဝန်ထမ်းများနှင့် ချိတ်ဆက်ထားရန် မည်မျှအရေးကြီးကြောင်းလည်း ထပ်လောင်းပြောပါ။ သင်ယူမှုအခက်အခဲ ၄ မျိုးအတွက် ကျောင်းသူကျောင်းသားတို့ကိုပံ့ပိုးပေးနိုင်မည့် ဗျူဟာများကို ပြန်နွှေးပါ။ |
| ၄.၁ သိမြင်မှုနှင့်ဆက်စပ်နေသော သင်ယူမှု မသန်စွမ်းမှု/အခက်အခဲများ | သိမြင်မှုနှင့်ဆက်နွယ်သည့် အခက်အခဲ၊ မသန်စွမ်းမှုအကြောင်း အချက်အလက်များ ပြန်ကြည့်ပါ။ လုပ်ဆောင်ချက် ၁၃.၈ (မိနစ် ၂၀)တွင် ကွက်လပ်ဖြည့်ပါမည်။ အဖြေတိုက်ပါ။ သဏ္ဌာန်တူလုပ်ဆောင်ခြင်း၏ အသုံးဝင်ပုံကို သတိချပ်ကြပါစေ။ နောက်ဆက်တွဲ ၂ - ကျောင်းသူကျောင်းသားတို့အရေးအသားအတွက် ပံ့ပိုးပေးမည့် ဗျူဟာများကို ညွှန်ပြပါ။ ယခင်က သုံးဖူးခြင်း ရှိမရှိမေးပြီး သင်တန်းသူ/သားတို့၏ အတွေ့အကြုံအရ ဗျူဟာများ မည်မျှထိရောက်ကြောင်း မေးမြန်းပါ။ |
| ၄.၂ အာရုံနှင့်ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုနှင့်အခက်အခဲများ | အာရုံအခက်အခဲနှင့်စပ်လျဉ်းသည့် အချက်အလက်များကို တစ်တန်းလုံးပြန်ကြည့်ပြီး လုပ်ဆောင်ချက် ၁၃.၉ - အာရုံနှင့်ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုနှင့်အခက်အခဲများအတွက် ဗျူဟာများ' ကို လုပ်ကြပါမည်။ ဝင်းအေးနှင့်နိုင်မြတ်အတွက် အကောင်းဆုံး ဗျူဟာများကို တွဲပေးပြီး တစ်တန်းလုံးအဖြေတိုက်ကြရန်။ အလားတူလိုအပ်ချက်ရှိသည့် ကျောင်းသူကျောင်းသားများကို သင်တန်းသားများ သင်ကြားဖူးကြပါသလား။ |
| ၄.၃ ဆက်သွယ်ရေးနှင့် အပြန်အလှန်ဆက်ဆံရေး | ဆက်သွယ်ရေးအခက်အခဲများအား ဖော်ထုတ်နိုင်ပုံကို တစ်တန်းလုံး အမြန်တွေးကြရန်။ စာရင်းကိုပြန်ကြည့်ပြီး ပညာထူးချွန်သည့် ကျောင်းသူကျောင်းသားများအကြောင်း အချက် |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| | အလက်များကို ပြန်ပြောပါ။ အထူးသဖြင့် အော်တစ်ဇင်ဖြစ်သည့် ကျောင်းသူကျောင်းသားများ ဖြစ်ပါသည်။ သင်ယူမှုအပေါ်သက်ရောက်နိုင်ပုံစာရင်းကို ပြန်လှန်သုံးသပ်ပါ။ လုပ်ဆောင်ချက် ၁၃.၁၀ - ဆက်သွယ်ရေးအခက်အခဲအတွက် ဗျူဟာများကို ဆက်လုပ်ပါ။ 'ဆက်သွယ်ရေးတွင် အခက်ကြုံနေရသည့် ကျောင်းသူကျောင်းသားများအတွက် မည်သို့ ပံ့ပိုးပေးနိုင်ပါမည်နည်း'ဟူသောမေးခွန်းကိုဖြေဆိုရန် သင်ယူမှုဂျာနယ်တွင် အဖြေမှန်တွဲ ပေးသည့် လုပ်ဆောင်ချက်ဖြစ်ပါသည်။ သင်တန်းသားများ လုပ်နိုင်သည့် နောက် တစ်နည်းမှာ အုပ်စုခွဲ၍ကဒ်ပေါ် ရှိမေးခွန်းနှင့်အဖြေများကို ဆွေးနွေးပြီးတွဲနိုင်ပါသည်။ |
| ၄.၄ လူမှုရေးနှင့်စိတ်ခံစားချက်ဆိုင်ရာ အခက်အခဲများ | အချက်အလက်များကိုပြန်နွေးပြီး ADD သို့ ADHD အကြောင်း အာရုံပြုကြပါစေ။ ဤအသုံးအနှုန်းများကို ဆရာ/မတို့ သိချင်မှသိနိုင်သော်လည်း လက်ရှိသင်တန်းချိန်အပြီး ကျောင်းသူကျောင်းသားတို့တွင် ရှိသည့် အခက်အခဲအချို့ကို ဖော်ထုတ်နိုင်ပါမည်။ လုပ်ဆောင်ချက် ၁၃.၁၁ လူမှုရေးနှင့်စိတ်ခံစားမှုဆိုင်ရာအခက်အခဲများကို လုပ်ဆောင်ပါ။ အမှန်ခြစ်ပြီး ယခင်ကလုပ်ဖူးသည့် ဗျူဟာများကို ဖော်ထုတ်ကြပါမည်။ |
| ၄.၅ ချွတ်ယွင်းမှုနှင့် အခက်အခဲအတွေ့တွေ့ရှိသည့် သင်ယူသူများ | အုပ်စုငယ်များ ခွဲစေပြီး ချွတ်ယွင်းမှုနှင့်အခက်အခဲ အတွေ့တွေ့ရှိသည့် ကျောင်းသူကျောင်းသားများအကြောင်း အချက်အလက်များကို ပြန်နွေးပါ။ မိမိတို့ စာသင်ခန်းတွင် အချက်အလက်များအား နေ့စဉ်အသုံးပြုနိုင်ပုံကို စဉ်းစားကြပါစေ။ ကျောင်းသူကျောင်းသားတစ်ဦးချင်း တွေ့ကြုံရသည့် သီးသန့်အခြေအနေကို ဆရာ/မတို့ နားလည်ရန် တာဝန်ရှိကြောင်း ထောက်ပြပါ။ |
| ၄.၆ အပြုအမူ | အခက်အခဲ၊ မသန်စွမ်းမှုနှင့် ကျောင်းသူကျောင်းသား၏အပြုအမူအကြား ဆက်နွယ်မှုကို ထောက်ပြပါ။ ပေးထားသောအချက်အလက်များ၊ ဇယားတွင်ပြထားသည့် မသန်စွမ်းမှုအမျိုးအစား၊ အတွေ့များသော အပြုအမူနှင့် ဗျူဟာတို့ကို ပြန်ကြည့်ပါစေ။ |
| ၅. မိမိကိုယ်မိမိ ယုံကြည်မှုနှင့် တန်ဖိုးထားမှုကို တည်ဆောက်ခြင်း | ဆရာ/မတို့သည် ကျောင်းသူကျောင်းသားတို့ မိမိကိုယ်မိမိ ယုံကြည်မှုနှင့်တန်ဖိုးထားမှုကို တိုးမြင့်မှုကို ပံ့ပိုးပေးနိုင်သည့် အခွင့်ထူးကို ရရှိထားသူများ ဖြစ်ပါသည်။ ဆရာ/မတို့သည် ချီးကျူးခြင်း၊ အားသာချက်ကိုအသိအမှတ်ပြုခြင်းတို့ကို လုပ်နိုင်ပါသည်။ ပေးထားသော အချက်အလက်များကို သင်တန်းသူ/သားတို့ ပြန်ကြည့်ပြီး နားမလည်သည့် စကားလုံးများ၊ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို မေးမြန်းကြပါစေ။ စကားလုံးသစ်များကို မှတ်သားပါ။ သင်ယူမှုဂျာနယ်တွင် မှတ်စုရေးကြရန်။ |

| **လုပ်ဆောင်ချက်** | **ထပ်မံစဉ်းစားဖွယ်အချက်များ** |
|---|---|
| ၅.၁ ကိုယ်စားပြုမှုနှင့် စံနမူနာကောင်းများ | 'ကိုယ်စားပြုမှု'ကိုမည်သို့နားလည်ကြောင်း သင်တန်းသူ/သားတို့ကို မေးမြန်းပါ။ ရုပ်ပုံကိုကြည့်ပြီး မိမိတို့ကျောင်းသူကျောင်းသားများ ကိုယ်စားပြုမှုခံစားရခြင်းရှိမရှိ သုံးသပ်ကြပါမည်။ ကိုယ်စားပြုမှုအကြောင်း အချက်အလက်များကို ဖတ်စေပြီး လုပ်ဆောင်ချက် ၁၃.၁၂ ကိုအတူတူကြည့်ကာ ၎င်းတို့စဉ်းစား၍ရသမျှ စံနမူနာကောင်းများအကြောင်း ဆွေးနွေးကြပါစေ။ အခက်အခဲနှင့်မသန်စွမ်းမှုများရှိနေသည့် ကျောင်းသူကျောင်းသားတို့အတွက် စံနမူနာကောင်းများကို စဉ်းစားကြပါမည်။ စဉ်းစား၍မရလျှင် ကိုယ်စားပြုမှုအကြောင်း ပြန်ကြည့်ပါ။ "အားကျသည်"ဟူသော အသုံးအနှုန်းကိုသုံးခြင်း၏ အခက်အခဲကို ထောက်ပြပါ။ |
| ၆. စောစောစီးစီးပံ့ပိုးခြင်း | အားလုံးအကျုံးဝင်ပညာရေးတွင် စောစောစီးစီးပံ့ပိုးခြင်း၏ အရေးပါပုံကို တစ်တန်းလုံး ပြန်ကြည့်ကြပါစေ။ ပန်းတိုင်ချမှတ်ခြင်းအကြောင်း လုပ်ဆောင်ချက် ၁၃.၁၂ (၄၅ မိနစ်)ကို အုပ်စုငယ်များခွဲပြီးလုပ်ကြရန်။ |
| ၇. လုပ်ဆောင်မှုသုတေသန အတွက် စိတ်ကူးစိတ်သန်းများ | ဖြစ်နိုင်ချေရှိသည့်သုတေသနလုပ်ငန်းများနှင့် စက်ဝန်းအကြောင်း အချက်အလက်များကို ပြန်ကြည့်ပါ။ တစ်တန်းလုံး လုပ်နိုင်သည့် အကြံပြုချက်များရှိပါသည်။ ယခင် လုပ်ဆောင်မှုသုတေသနလုပ်ငန်းများအကြောင်း၊ ယင်းတို့အနက်မှ အသုံးအဝင်ဆုံးတို့အကြောင်းကို ဆွေးနွေးကြပါစေ။ မိမိတို့သင်ကြားခဲ့သည့်အရာများ၊ သုတေသနတွေ့ရှိချက်ကြောင့် မိမိတို့၏ သင်ကြားမှုအလေ့အကျင့် ပြောင်းလဲပုံတို့ကို မေးမြန်းပါ။ |
| ၈. နိဂုံး | သင်ရိုးပိုင်းတွင်လုပ်ခဲ့သည်များပြန်ငုံမိအောင် သင်ရိုးပိုင်းမှအဓိကအချက်များကို ပြန်ကြည့်ကြပါစေ။ မေးခွန်းများကိုသုံးသပ်ပြီး သဘောတရားနှင့်ဗျူဟာများကို မိမိတို့ သင်ယူမှုဂျာနယ်တွင် မှတ်သားကြပါစေ။ |
| ၉ - သင်ရိုးပိုင်း ၁၃ - အဆုံးသတ် ပဟေဠိ | ပဟေဠိကိုဖြေကြားပြီး တစ်တန်းလုံးအဖြေတိုက်ကြရန်။ |
| မိမိကိုယ်တိုင်၏ သင်ကြားရေး အလေ့အကျင့်ကို ပိုမို ကောင်းမွန်တိုးတက်စေခြင်း | အခင်းအကျင်းကို တစ်တန်းလုံးကြည့်ကြပြီး အုပ်စုငယ်များခွဲကာ သင့်တော်သည့် ဖြေရှင်းချက်များကို ရှာဖွေကြပါမည်။ သင်ယူမှုဂျာနယ်တွင် မှတ်စုရေးကြရန်။ |
| မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း | မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်းက ပထမစစ်ဆေးမှုအတိုင်း ဖြစ်ပါသည်။ သင်တန်းသားများအား မိမိကိုယ်ကိုယုံကြည်စိတ်ချမှုကို ပြန်လည်သုံးသပ်ပြီး အမှတ်ချင်း နှိုင်းယှဉ်ကြည့်ကြပါစေ။ |
| ၁၃ ခုမြောက်ကတိ | သင်ရိုးပိုင်း ၁၃ မှသိရှိမှတ်သားသွားမည့် အချက်တစ်ချက်ကို သင်တန်းသူ/သားများအား စဉ်းစားစေပြီး ၎င်းတို့ပိုမိုကောင်းမွန်တိုးတက်အောင်လုပ်ရန် ကတိတစ်ခုအား ကျောင်းသူကျောင်းသားတို့ကို ပေးကြပါစေ။ ထိုကတိကို (--သီတင်းပတ်ပြီးနောက်) ကတိကို သုံးသပ်အကဲဖြတ်ပြီးအပြောင်းအလဲများကိုမှတ်သားရန်ပြောပါ။ ပြောင်းလဲမှုက သင်ကြား |

Funded by: UKaid

Towards Results in Education & English

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| | သင်ယူမှုအပေါ် သက်ရောက်မှုနှင့် မိမိအနေဖြင့် ပိုမိုတိုးတက်ကောင်းမွန်ရန် မည်သို့ဆက်လက်တိုးတက်အောင် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြန်လည်သုံးသပ်ကြပါစေ။ ၎င်းကို မိမိတို့ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်လက်ရေးဆွဲသွားမည့် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်တစ်ရပ်အဖြစ် အသုံးပြုနိုင်သည်။ သင်တန်းသူ/သားများ ၎င်းတို့၏ သင်ယူမှုဂျာနယ်တွင် 'ကတိကဝတ်များ' ဟူသည့် အပိုင်းတစ်ပိုင်း ထားရှိကြရန်။ စုစုပေါင်း ကတိ ၁၅ ခု ရှိပါမည်။ |

## သင်ရိုးပိုင်း ၁၃-အဆုံးသတ်ပဟေဠိ အဖြေ

အဖြေများကို **စာလုံးအမည်းရင့်**ဖြင့် ပေးထားပါသည်။

မေးခွန်း ၁ - အားလုံးသင်ယူမှုအတွက်ပုံစံ၏ အဓိကသဘောတရားသုံးခုကို ရွေးချယ်ပါ။ (၁ ခုရွေးပါ)

**က. ၁. စိတ်ဝင်စားမှုနှင့်စိတ်ဓာတ်တက်ကြွမှု ၂. ကိုယ်စားပြုမှု ၃. လုပ်ဆောင်မှုနှင့် ထုတ်ဖော်ပြသမှု**

ခ. ၁. တက်ရောက်မှု ၂. ပါဝင်ဆောင်ရွက်မှု ၃. အောင်မြင်မှု

ဂ. ၁. ထိရောက်စွာမေးခွန်းမေးခြင်း ၂. အဆင့်ဆင့်သင်ယူမှု ၃. ပူးတွဲဆောင်ရွက်မှု

မေးခွန်း ၂ - ကျောင်းသူကျောင်းသားများကိုရွေးချယ်ခွင့်ပေးခြင်း၊ ၎င်းတို့၏အားသာချက်နှင့်စိတ်ဝင်စားမှုတို့ကိုစူးစမ်းပြီး သင်ခန်းစာကို ပျော်ရွှင်ဖွယ်ကောင်းစေခြင်းသည် မည်သည့် UDL သဘောတရားဖြစ်ပါသနည်း။ (၁ ခုရွေးပါ)

**က. ပါဝင်ဆောင်ရွက်မှုနှင့်စိတ်ဓာတ်တက်ကြွမှု**

ခ. ကိုယ်စားပြုမှု

ဂ. လုပ်ဆောင်ချက်နှင့် ထုတ်ဖော်ပြသမှု

မေးခွန်း ၃ - သင့်တင့်လျောက်ပတ်သော ချိန်ညှိမှုများလုပ်ခြင်းဟူသည် (၁ ခုရွေးပါ)

က. ကျောင်းသူကျောင်းသားကျောင်းမတက်မီ အရင်းအမြစ်အားလုံး၊ ပြုပြင်စီရင်မှုအားလုံး ပြီးပြည့်စုံအောင်စောင့်ဆိုင်းခြင်း

**ခ. ကျောင်းတွင်ရနိုင်သမျှ အရင်းအမြစ်၊ ကျွမ်းကျင်မှုတို့ဖြင့် ချက်ချင်းလုပ်ဆောင်ခြင်း**

ဂ. ကျောင်းသူကျောင်းသားများ၏လိုအပ်ချက်များကို ဖြည့်ဆည်းရန် အစီအစဉ်ဆွဲပြီး လုပ်ဆောင်ဖွယ်များကို ဆွေးနွေးခြင်း

မေးခွန်း ၄ - ကျောင်းသူကျောင်းသားများစိတ်ပါဝင်စားအောင် _______________ သင်ယူမှုဗျူဟာများစမ်းသပ်သုံးသင့်ပါသည်။ (၁ ခုရွေးပါ)

က. အစဉ်အလာ

ခ. အလားတူ

Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

**ဂ. အာရုံအမျိုးမျိုးသုံးသည့်**

မေးခွန်း ၅ - မျက်နှာအမူအရာ၊ ခြေဟန်လက်ဟန်၊ မျက်လုံးဆုံခြင်း၊ ခြေဆန့်လက်ဆန့်ရန်နေရာအစရှိသည့် ကိုယ်လက်အမူအရာ နှင့် သက်ဆိုင်သော အခက်အခဲ သို့မဟုတ် ခြားနားချက်တို့သည် မည်သည့်သင်ယူမှုအခက်အခဲတွင် ပါဝင်ပါသနည်း။ (၁ ခုရွေးပါ)

က. သိမြင်မှုနှင့်သင်ယူမှု အခက်အခဲ

ခ. အာရုံနှင့်ကိုယ်ခန္ဓာ

ဂ. လူမှုရေးနှင့်စိတ်ခံစားမှုဆိုင်ရာ

**ဃ. ဆက်သွယ်ရေး**

မေးခွန်း ၆ - မသန်စွမ်းသူ၊ အခက်အခဲရှိသူကျောင်းသူကျောင်းသားများသည် အောက်ပါတို့ကို လိုအပ်ပါမည်။ (၂ ခုရွေးပါ)

 က. အစဉ်မပြတ်ပံ့ပိုးမှု

**ခ. ရံဖန်ရံခါပံ့ပိုးမှု**

**ဂ. ဆက်လက်ပံ့ပိုးမှု**

Implemented by: BRITISH COUNCIL, The Open University, VSO, montrose